“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃/၂၀၂၃)

အမှတ်စဉ် (၃/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၁၆) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ ပြည်သူလူထုအား လက်တွေ့ကျသည့် ရလဒ်များဖြင့်သာ စည်းရုံးကြရန် NUG ယာယီသမ္မတ တိုက်တွန်း

နိုင်ငံရေးတွင် ဝါဒဖြန့်ချိရေးနှင့် စည်းရုံးရေးအရေးကြီးသော်လည်း လက်တွေ့ကျသည့် ရလဒ်များဖြင့်သာ ပြည်သူလူထုယုံကြည်မှုရရှိအောင် စည်းရုံးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတဒူဝါလရှီးလက ဇန်နဝါရီ ၁၀ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ၈၂ ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းဝေးတွင် တိုက်တွန်း ပြောကြားခဲ့သည်။ " **ကျွန်တော့်အနေနဲ့ ၂၀၂၃ ခုနှစ်ထဲမှာ စစ်ရေးရလဒ်နဲ့ နိုင်ငံရေးရလဒ်တွေ သိသိသာသာထွက်ပေါ်ဖို့ အထူးမျှော်လင့်ပါတယ်။ ကျွန်တော်မျှော်လင့်သလိုပဲ ပြည်သူလူထုကလည်း မျှော်လင့်တကြီး စောင့်မျှော်နေမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ NUG အစိုးရဟာ အတိတ်က ဖြစ်ခဲ့တဲ့ နိုင်ငံရေးအမှားတွေကို သင်ခန်းစာယူရပါလိမ့်မယ်။ အထူးသဖြင့် ကျွန်တော့်အနေနဲ့ ပြောချင်တာတစ်ခုကတော့ NUG အစိုးရဟာ လေလှိုင်းထဲက အစိုးရမဖြစ်စေရဘူး ဆိုတဲ့ ခံယူချက်ဖြစ်ပါတယ်။** " ဟု ယာယီသမ္မတက ပြောသည်။

လက်ရှိအခြေအနေတွင် စစ်ရေးစိုးမိုးဧရိယာများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်ကို နွေဦးတော်လှန်ရေး၏ အားသာချက်အဖြစ် ရှုမြင်ကြရန်နှင့် စစ်ရေးစိုးမိုး ဧရိယာများတွင် ပြည်သူ့အုပ်ချုပ်ရေးယန္တရား စနစ်တကျ အသက်ဝင်ရေးကို အထူးလုပ်ဆောင်ကြရန် ယာယီသမ္မတက ဆက်လက်တိုက်တွန်းခဲ့သည်။ https://bit.ly/3w3cY5x

၂။ အိမ်နီးချင်းနိုင်ငံများ၏ လေပိုင်နက်ကိုအသုံးပြု၍ ပြည်သူများအားသတ်ဖြတ်နေသည့် အကြမ်းဖက် စစ်ကောင်စီကို ထိရောက်ပြင်းထန်စွာအရေးယူကြရန် NUG တိုက်တွန်းတောင်းဆို

နိုင်ငံပိုင်လေပိုင်နက်ကို ကျော်လွန်အသုံးပြုပြီး မြန်မာပြည်သူများအားသတ်ဖြတ်၍ အိမ်နီးချင်းနိုင်ငံများရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကို ပါ ခြိမ်းခြောက်နေသည့် အကြမ်းဖက်စစ်ကောင်စီအား ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်မှုများ အမြန်ဆုံးပြုလုပ်ကြပါရန် အိမ်နီးချင်း နိုင်ငံများအား တိုက်တွန်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဇန်နဝါရီ ၁၂ ရက်တွင် ထုတ်ပြန်သည့် "ချင်းအမျိုးသားတပ်ဦး(CNF)ဌာနချုပ်တည်ရှိရာ Camp Victoria စခန်းအား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်" ၌ ဖော်ပြထားသည်။

အကြမ်းဖက်စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူဦးရေ (၄၆၀) ဦးကျော် ရှိနေပြီဖြစ်ပြီး အများစုမှာ အရပ်သားပြည်သူများနှင့် ကလေးသူငယ်များ ဖြစ်ကြောင်း၊ အကြမ်းဖက် စစ်ကောင်စီ၏ လုပ်ရပ်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာ့အရေးကိစ္စကို ပြေလည်စေရန် ကူညီဆောင် ရွက်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးစားမှုများကိုလည်း လျစ်လျူရှုနေခြင်း ဖြစ်သောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာ့အရေးကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအပါအဝင် ပြည်သူလူထုကို ကိုယ်စားပြုသည့် မြန်မာ့တော်လှန်ရေးအင်အားစုများနှင့် ခိုင်ခိုင်မာမာ လက်တွဲဆောင်ရွက်သင့်သည်ဟု အလေးအနက်တိုက်တွန်းကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3w0EiS5

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org
ကြေညာချက်အမှတ်(၁/၂၀၂၃)
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

"ချင်းအမျိုးသားတပ်ဦး(CNF)ဌာနချုပ်တည်ရှိရာ Camp Victoria စခန်း အား လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်"

၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁၀) ရက် ညနေ ၄း၃၀ နာရီခန့်တွင်တစ်ကြိမ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့ ညနေ ၄း၀၀ နာရီခန့်တွင် တစ်ကြိမ် အကြမ်းဖက်စစ်ကောင်စီက ချင်းအမျိုးသားတပ်ဦး(CNF) ဌာနချုပ်တည်ရှိရာ Camp Victoria စခန်းအား တိုက်လေယာဉ်များအသုံးပြု၍ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများအတွင်း ပထမရက်တွင် ချင်းအမျိုးသားတပ်ဖွဲ့ဝင် တော်လှန်ရေးရဲမေ (၃) ဦးနှင့် ရဲဘော်(၂) ဦးကျဆုံးကာ ဒဏ်ရာရရှိသူများရှိခဲ့ပြီး ဒုတိယနေ့တွင် ပြင်ပလူနာဆောင်နှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ နယ်နိမိတ်အတွင်းသို့ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်ဟုလည်း သိရှိရပါသည်။ အဆိုပါ ဖြစ်စဉ်မတိုင်မီကလည်း အကြမ်းဖက်စစ်ကောင်စီသည် ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့တွင် လေကြောင်းအသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှုများ ကြိမ်ဖန်များစွာပြုလုပ်ခဲ့ကာ အရပ်သားပြည်သူ သေဆုံးမှုများ ရှိခဲ့ပါသည်။

1



အကြမ်းဖက်စစ်ကောင်စီက ပြည်သူ့အာဏာကိုလုယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ ယနေ့အထိ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူဦးရေ (၄၆၀) ဦးကျော် ရှိနေပြီဖြစ်ပြီး အများစုမှာ အရပ်သားပြည်သူများနှင့် ကလေးသူငယ်များ ဖြစ်ကြောင်း အချက်အလက်များအရ သိရှိရသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အကြမ်းဖက်စစ်ကောင်စီက အရပ်သားပြည်သူများကို ပစ်မှတ်ထား၍ လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်နေမှုများကို ပြင်းထန်စွာရှုတ်ချပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ လူမဆန်သော သတ်ဖြတ်မှုများကြောင့် ကျဆုံးခဲ့ကြရသော တိုင်းရင်းသား ပြည်သူများအတွက် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကျဆုံးခဲ့ရသူ တစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် တရားမျှတမှုကို ပြန်လည်ရရှိနိုင်ရေး ပြည်တွင်းနှင့် နိုင်ငံတကာတရားဥပဒေများနှင့်အညီ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

အိမ်နီးချင်းနိုင်ငံများ အနေဖြင့်လည်း မိမိတို့၏လေပိုင်နက်ကို ကျော်လွန်အသုံးပြုကာ မြန်မာပြည်သူများကို သတ်ဖြတ်နေရုံသာမက၊ အိမ်နီးချင်းနိုင်ငံများရှိ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုကိုပါ ခြိမ်းခြောက်လာနေသည့် အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်များကို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်မှုများ အမြန်ဆုံးပြုလုပ်ကြပါရန် တိုက်တွန်းပြောကြားလိုသည်။ အကြမ်းဖက် စစ်ကောင်စီ၏ လုပ်ရပ်များသည် အကြမ်းဖက်မှုများကို ရပ်တန့်ရန်တောင်းဆိုထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာ့အရေးကိစ္စကို ပြေလည်စေရန် ကူညီဆောင်ရွက်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ကြိုးစားမှုများကိုလည်း လျစ်လျူရှုနေခြင်း ဖြစ်သောကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာ့အရေးကိစ္စကို အမြန်ဆုံးဖြေရှင်းနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အပါအဝင် ပြည်သူလူထုကို ကိုယ်စားပြုသည့် မြန်မာ့တော်လှန်ရေးအင်အားစုများနှင့် ခိုင်ခိုင်မာမာလက်တွဲ ဆောင်ရွက်သင့်ပါကြောင်း အလေးအနက် တိုက်တွန်းလိုက်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

2

၃။ ပုသိမ်ထောင်တွင်း အကြမ်းဖက်ညှင်းပန်းနှိပ်စက်မှုဖြစ်စဉ်ကို တရားမျှတမှုဖော်ဆောင်မည်ဟု NUG ပြည်ထောင်စုဝန်ကြီးချုပ် ကတိပြုပြောကြား

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်တွင် ကိုဝင်းမင်းထက် အပါအဝင် မတရားဖမ်းဆီး အကျဉ်းချခံနေရသည့် ပြည်သူရှစ်ဦးက သေဒဏ်ချမှတ်စီရင်ရန် ကြိုးပမ်းမှုများနှင့်ပတ်သက်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြရာ ၂၀၂၃ ဇန်နဝါရီလ (၅) ရက် ည (၁၁) နာရီခန့်တွင် ထိုပြည်သူရှစ်ဦးကို ရိုက်နှက်နှိပ်စက်ခဲ့ပြီး ခုနစ်ဦးကို တိုက်ပိတ်ခဲ့ရာ ယင်းတို့ထဲမှ ကိုဝင်းမင်းထက် ပျောက်ဆုံးနေကြောင်း၊ ယင်းညှင်းပန်း နှိပ်စက်မှုဖြစ်စဉ်အား နည်းလမ်းအမျိုးမျိုးဖြင့် တရားမျှတမှု ဖော်ဆောင်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း က ဇန်နဝါရီ ၁၀ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ၈၂ ကြိမ်မြောက် အစိုးရအဖွဲ့အစည်းဝေးတွင် ကတိပြု ပြောကြားခဲ့သည်။

၂၀၂၃ခုနှစ်ဇန်နဝါရီလ(၇)ရက်တွင်အင်အား(၅၀)ခန့်ရှိထောင်ဝန်ထမ်းများကမတရားဖမ်းဆီးအကျဉ်းချထားရသူများကို ဝင်ရောက်အကြမ်းဖက်နှိပ်စက်ခဲ့ကြပြီး ပစ်ခတ်မှုကြောင့် အကျဉ်းချခံနေရသည့် ပြည်သူအများအပြား ထိခိုက်ဒဏ်ရာရခဲ့ကာ ကိုဝေယံဖြိုး အသက်ဆုံးရှုံးခဲ့ရပြီး ပြည်သူ ၉ ဦး အသက် အန္တရာယ် စိုးရိမ်နေရကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ဆက်လက်ဖော်ပြထားသည်။

https://bit.ly/3w3cY5x

၄။ NUG အစိုးရကို အားမနာတမ်းဝေဖန် အကြံပြုကြရန်မေတ္တာရပ်ခံကြောင်း ယာယီသမ္မတပြောကြား

တော်လှန်လူငယ်မျိုးဆက်များတွင် အတွေးအခေါ်သစ်/ အမြင်သစ်နှင့် တီထွင်ကြံဆမှုအသစ်များရှိနေပြီး NUG အနေဖြင့် ခေါင်းဆောင်မှုရေးတွင် နိုင်ငံရေး/စစ်ရေးတို့ကို တပ်ဦးမှဦးဆောင်နေသော်လည်း တော်လှန်ရေးအင်အားစု အသီးသီး၊ သပိတ်အင်အားစု အသီးသီး၏ ယုံကြည်မှုကို မရပါက ရှေ့ဆက်မရနိုင်ကြောင်း၊ မိမိတို့သည် မည်သည့်အခါမှ ငါတကောကောပြီး လုပ်ဆောင်တာမျိုး မဖြစ်စေရကြောင်း၊ လူထုဆန္ဒနှင့်အညီ အစဉ်တစိုက် လုပ်ဆောင်ဖို့ကြိုးစားကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလကာ ဇန်နဝါရီ ၁၀ တွင် ရက်မြေပြင်သပိတ်အင်အားစုများ အဖွဲ့ပေါင်း (၁၂) ဖွဲ့နှင့်တွေ့ဆုံစဉ် ကတိပြုပြောကြားခဲ့သည်။ https://bit.ly/3QEMEIk

လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန

၅။ အရပ်သားပြည်သူများအား ပစ်မှတ်ထား၍ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်းကို ပြင်းထန်စွာ ရှုတ်ချကြောင်း NUG ထုတ်ပြန်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

ကြေညာချက်အမှတ် (၁/၂၀၂၃)
၁၃၈၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်
၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

အကြမ်းဖက်စစ်ကောင်စီက အရပ်သားပြည်သူများအား ပစ်မှတ်ထား၍ လေကြောင်းမှ တိုက်ခိုက်နေခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

၁။ အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတော်အာဏာကို မတရားလုယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ပြီး တိုင်းရင်းသားလူမျိုးများအပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအပေါ် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်မှုများ၊ ကျေးရွာလုံးကျွတ် မီးရှို့ ဖျက်စီးခြင်းများ၊ ပြည်သူလူထု၏ ချွေးနှဲစာ အခွန်ဘဏ္ဍာငွေများမှ ရရှိသည့် ငွေကြေးဖြင့် ဂျက်လေယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများ ဝယ်ယူကာ လေကြောင်းတိုက်ခိုက်မှု များကို နိုင်ငံအနှံ့တွင် ကျူးလွန်လျက်ရှိပါသည်။

၂။ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ အကြိမ်ကြိမ် ပြုလုပ်၍ အရပ်သားပြည်သူများစွာကို သတ်ဖြတ်ခဲ့သော အကြမ်းဖက်စစ်ကောင်စီသည် ချင်းအမျိုးသားတပ်ဦး(CNF) ဌာနချုပ် တည်ရှိရာ Camp Victoria စခန်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်၊ ညနေ၄း၃၀ နာရီခန့် တွင် တစ်ကြိမ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့၊ ညနေ၄း၀၀ နာရီခန့်တွင် တစ်ကြိမ် သာလွန်အင်အားသုံးလျက် တိုက်လေယာဉ် များဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ချင်းအမျိုးသားတပ်ဦးမှ တပ်ဖွဲ့ဝင်(၅)ဦး ကျဆုံးခဲ့သည့် အတွက် အထူးဝမ်းနည်း ကြေကွဲရပါကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်း စာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနသည် ချင်းပြည်သူ လူထု တစ်ရပ်လုံးနှင့် အတူ ထပ်တူ စာနာခံစားရပြီး လိုအပ်သည့် လူသားချင်းစာနာမှုအကူအညီ များကို ပံ့ပိုးပေးလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ချင်းပြည်နယ် နည်းတူ အခြားသောဒေသ အသီးသီး တွင် စစ်ကောင်စီ၏ လူမဆန်သည့် အကြမ်းဖက်မှုအမျိုးမျိုးကြောင့် ထိခိုက်ဆုံးရှုံးမှု မျိုးစုံ ခံစား နေကြရသည့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်

အကြမ်းဖက်စစ်ကောင်စီသည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာဥပဒေများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ချိုးဖောက်ကာ အပြစ်မဲ့တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီး၍ ပြည်သူ့ပိုင်ဆိုင်မှုများကို လုယက်ခိုးယူနေသော အကြမ်းဖက် စစ်ကောင်စီသည် Camp Victoria စခန်း ကို လေကြောင်းဖြင့် တိုက်ခိုက်ရာတွင် ကလေးငယ်များ၊ အမျိုးသမီးများရှိရာ မိသားစုလိုင်းခန်းများနှင့် ဆေးရုံဆေးခန်းများ၊ ဆေးပစ္စည်း သိုလှောင်သည့် နေရာများကို ပစ်မှတ်ထား၍ ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းလုပ်ရပ်နှင့် ပတ်သက်၍ ပြင်းထန်စွာရှုတ်ချကြောင်းကို အမျိုးသား ညီညွတ်ရေးအစိုးရ လူသားချင်း စာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင်ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီက ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် လေကြောင်းမှ အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ချင်းအမျိုးသားတပ်ဦး(CNF) ဌာနချုပ်တည်ရှိရာ Camp Victoria စခန်းကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်တွင် တစ်ကြိမ်၊ ဇန်နဝါရီလ (၁၁) ရက်တွင် တစ်ကြိမ် သာလွန်အင်အားသုံးလျက် တိုက်လေယာဉ် များဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် ချင်းအမျိုးသားတပ်ဦးမှ တပ်ဖွဲ့ဝင်(၅)ဦး ကျဆုံးခဲ့ခြင်းအား အထူးဝမ်းနည်း ကြေကွဲရကြောင်း ဖော်ပြထားသည်။

လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ချင်းပြည်သူလူထု တစ်ရပ်လုံးနှင့်အတူ ထပ်တူစာနာခံစားရပြီး လိုအပ်သည့် လူသားချင်းစာနာမှုအကူအညီများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း ဆက်လက်ဖော်ပြထားသည်။

https://bit.ly/3CPNoF7

တသားတည်းရပ်တည်၍ အကြမ်းဖက်စစ်တပ်ကို အမြစ်ဖြတ်ချေမှုန်းနိုင်ရန် မဆုတ် မနစ် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါသည်။

၃။ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာဥပဒေများကို ပြောင်ပြောင် တင်းတင်း ကျူးလွန်ချိုးဖောက်လျက် အပြစ်မဲ့တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ် တို့ကို ဖျက်ဆီးကာ ပြည်သူ့ပိုင်ဆိုင်မှုများကို လုယက်ခိုးယူနေသော အကြမ်းဖက် စစ်ကောင်စီသည် Camp Victoria စခန်းကို လေကြောင်းဖြင့် တိုက်ခိုက်ရာတွင်လည်း ကလေးငယ်များ၊ အမျိုးသမီးများရှိရာ မိသားစုလိုင်းခန်းများနှင့် ဆေးရုံဆေးခန်းများ၊ ဆေးပစ္စည်း သိုလှောင်သည့် နေရာ များကို ပစ်မှတ်ထား၍ ဗုံးကြဲတိုက်ခိုက်ခြင်းကို ပြည်သူ့အစိုးရတစ်ရပ် အနေဖြင့် ပြင်းထန်စွာ ရှုတ်ချ ပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီက ယင်းကဲ့သို့ လေကြောင်းတိုက်ခိုက်မှုများကို ထပ်တလဲလဲ ကျူးလွန်နေခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်စစ်ဘေးရှောင်ပြည်သူများ တစ်နေ့ထက် တစ်နေ့ ပိုမို တိုးပွားလျက်ရှိပြီး လူသားချင်းစာနာမှု အကူအညီများမှာလည်း အရေးတကြီး လိုအပ် လျက်ရှိပါသည်။ အဆိုပါအကူအညီများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လူသားချင်း စာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲ၍ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အရပ်သား ပြည်သူများကို ထိရောက်စွာကာကွယ်ပေးနိုင်ရေးအတွက် လူသားချင်းစာနာမှု အကူအညီ များကို လုံလောက်စွာ ကူညီထောက်ပံ့နိုင်ရန်၊ လေကြောင်းတိုက်ခိုက်မှုများ ရပ်တန့်အောင် အဘက်ဘက်မှ လုပ်ဆောင်ပေးရန်နှင့် ထိရောက်သော လေကြောင်းရန် ကာကွယ်ရေး အစီအမံ များအတွက် လက်တွဲ ကူညီ ပံ့ပိုးပေးကြပါရန် မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း များကို အလေးအနက် တိုက်တွန်းအပ်ပါသည်။

လူသားချင်း စာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေး အစိုးရ

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

၆။ နည်းပညာတတ်မြောက်ကျောင်းသားများအား အစိုးရနည်းပညာစီမံကိန်းများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် စီစစ်ခန့်အပ်သွားမည်

တော်လှန်ရေးကာလနှင့်ကိုက်ညီသည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းမြစ် ဖြည့်တင်းနိုင်ရေးသည် အရေးကြီးသည့်ကဏ္ဍတရပ်ဖြစ်ပြီး အနာဂတ် ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရာတွင် လိုအပ်သည့် နည်းပညာရပ်ဝန်းပေါ်ပေါက်လာစေရန်အတွက် တော်လှန်ရေးကာလအတွင်းမှစတင်၍ အခြေခံအုတ်မြစ်ချ တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အာဏာဖီဆန် လှုပ်ရှားမှုတွင်ပါဝင်ကြသည့် နည်းပညာ တတ်မြောက်ကျောင်းသားများအား အစိုးရနည်းပညာစီမံကိန်းများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် စီစစ်ခန့်အပ်သွားမည်ဖြစ်ကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3We6efZ


ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

Email: mocit@nugmyanmar.org, Website: www.mocit.nugmyanmar.org

ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

နည်းပညာတတ်မြောက်ကျောင်းသားများအား အလုပ်သင်ခန့်အပ်မှုဆိုင်ရာထုတ်ပြန်ကြေညာချက်

စာအမှတ်၊ ၁ / (၂၀၂၂) / (၀၁၇)

၁။ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ မဟာမိတ်အဖွဲ့အစည်းများနှင့် ပြည်သူများအတွက်လိုအပ်သည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂။ တော်လှန်ရေးကာလနှင့်ကိုက်ညီသည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းမြစ်ဖြည့်တင်းနိုင်ရေးသည် အရေးကြီးသည့်ကဏ္ဍတရပ်ဖြစ်သည်။ ထို့အပြင် အနာဂတ် ဖက်ဒရယ်နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သည့် နည်းပညာအရင်းမြစ်ရပ်ဝန်း ပေါ်ပေါက်လာစေရန်မှာ နည်းပညာအခြေပြုတော်လှန်ရေးကာလအတွင်းမှ စတင်၍ အခြေခံအုတ်မြစ် တည်ဆောက်ပေးရန် လိုအပ်သည်။

၃။ အကြမ်းဖက်စစ်တပ်အားဆန့်ကျင်သည့် အာဏာဖီဆန်လှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ကြသည့် နည်းပညာ ကျောင်းသားကျောင်းသူများသည် တော်လှန်ရေးကာလနှင့် အနာဂတ်ဖက်ဒရယ်နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းမြစ်ဖြစ်သည်။

၄။ ကျောင်းသားကျောင်းသူများအနေဖြင့် တတ်မြောက်ထားသည့် နည်းပညာစွမ်းရည်များဖြင့် ပညာရှင်အဖြစ်ရပ်တည်၍ အနာဂတ်ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးဖြစ်ထွန်းစေရန်အလို့ငှာ အာဏာဖီဆန်လှုပ်ရှားမှုတွင်ပါဝင်ကြသည့် နည်းပညာတတ်မြောက်ကျောင်းသားများအား ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် အစိုးရနည်းပညာစီမံကိန်းများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် စီစစ်ခန့်အပ်သွားမည်ဖြစ်သည်။


ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

Email: mocit@nugmyanmar.org, Website: www.mocit.nugmyanmar.org

၅။ အလုပ်သင်ကျောင်းသားများ စိစစ်ခန့်အပ်ရေးအတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် **Quokka Studio** နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၆။ အလုပ်သင်ကျောင်းသားများ စိစစ်ခန့်အပ်ရာတွင် လုံခြုံရေး၊ အချက်အလက်စိစစ်ရေးနှင့် အရည်အချင်းအကဲဖြတ်ခြင်းလုပ်ငန်းဆိုင်ရာများအား ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် **Quokka Studio** တို့မှ စနစ်တကျတာဝန်ယူဆောင်ရွက် မည်ဖြစ်ပါသည်။

ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန

ကြေညာချက်

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၇။ အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင် အတုအယောင်ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ခြင်းမပြုရန် NUG မေတ္တာရပ်ခံ

အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် ဦးဆောင်သည့် အာဏာသိမ်းအစိုးရအဖွဲ့သည် တရားမဝင်အတုအယောင် ရွေးကောက်ပွဲအတွက် ဇန်နဝါရီလ (၉) ရက်နေ့မှ ၃၁ ရက်နေ့အထိ (၂၃) ရက်တာ "တစ်အိမ်တက်ဆင်း" လူဦးရေစာရင်း ကောက်ယူသွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သောနေရာများတွင် ဇန်နဝါရီလ ၇ ရက်နေ့ကတည်းက စစ်ကောင်စီ၏ လက်ကိုင်တုတ်ဖြစ်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် လဝကအဖွဲ့များက လူဦးရေနှင့် သန်းခေါင်စာရင်းများကို အတင်းအကျပ်ကောက်ခံနေပြီဖြစ်ကြောင်း၊ လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ငြင်းဆန်၍ မပူးပေါင်းကြရန် မေတ္တာရပ်ခံကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ် ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် တစ်အိမ်တက်ဆင်း မြေပြင်လူဦးရေစာရင်း ကောက်ယူနိုင်ရေးအတွက် အားပေးအားမြှောက်ပြု ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်ရေးအဖွဲ့များ၊လဝကအဖွဲ့များနှင့်အခြားမည်သည့်ဒေါက်တိုင်မဆိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့်ပြင်းပြင်းထန်ထန်တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3J7p9pV

၈။ ပုလဲမြို့နယ်အတွင်း ကျေးရွာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်အား ရပ်ကျေးပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ကျေးပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးနိုင်ခဲ့

တော်လှန်ရေးကာလနှင့်ကိုက်ညီသည့် နည်းပညာစီမံကိန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့်လူ့စွမ်းအားအရင်းမြစ် ဖြည့်တင်းနိုင်ရေးသည် အရေးကြီးသည့်ကဏ္ဍတရပ်ဖြစ်ပြီး အနာဂတ် ဖက်ဒရယ်နိုင်ငံတော် တည်ဆောက်ရာတွင် လိုအပ်သည့် နည်းပညာရပ်ဝန်းပေါပေါက်လာစေရန်အတွက် တော်လှန်ရေးကာလအတွင်းမှစတင်၍ အခြေခံအုတ်မြစ်ချ တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အာဏာဖီဆန် လှုပ်ရှားမှုတွင်ပါဝင်ကြသည့် နည်းပညာတတ်မြောက်ကျောင်းသားများအား အစိုးရနည်းပညာစီမံကိန်းများတွင် အလုပ်သင်ဝန်ထမ်းအဖြစ် စီစစ်ခန့်အပ်သွားမည်ဖြစ်ကြောင်းကို အမျိုးသားညီညွတ်ရေးအစိုးရ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3We6efZ

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

၉။ နွေဦးတော်လှန်ရေးကာလအတွင်း အကြမ်းဖက်စစ်ကောင်စီက လူငယ်တစ်ထောင်ကျော်ကိုသတ်ဖြတ်ခဲ့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ အကြမ်းဖက်စစ်ကောင်စီ၏ သတ်ဖြတ်မှုများကြောင့် လူငယ် ၁၀၅၉ ယောက် အနည်းဆုံးသေဆုံးခဲ့ကြောင်း၊ သေဆုံးခဲ့ရသည့် လူငယ်များထဲတွင် အမျိုးသမီး ၁၀၆ ယောက်၊ အမျိုးသား ၁၀၂၆ ယောက်နှင့် ကျားမ မဖော်ပြနိုင်သူ ၁ ယောက်တို့ပါဝင်ကြောင်း၊ လူငယ်များ သတ်ဖြတ်ခံရမှုသည် ၃၃ ဒသမ ၅ ရာခိုင်နှုန်းအထိရှိနေကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လူငယ်များသတ်ဖြတ်ခံရမှုမှာ စစ်ကိုင်းတိုင်းတွင် ၃၇၉ ယောက်၊ မန္တလေးတိုင်းတွင် ၁၆၉ ယောက်၊ ရန်ကုန်တိုင်းတွင် ၁၆၀ ယောက်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း လူငယ်များကို သတ်ဖြတ်ထားကြောင်း၊ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးခဲ့ရသူ စုစုပေါင်းမှာ ၂၇၀၇ယောက် ရှိခဲ့ပြီဖြစ်ကြောင်းဖော်ပြထားသည်။ https://bit.ly/3kg6ldt







ပညာရေးဝန်ကြီးဌာန

၁၀။ သေဒဏ်စီရင်ချက်ချမှတ်ခြင်းသည် အကြမ်းဖက်စစ်အုပ်စုက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးယန္တရားအား ချိုးဖောက်ခြင်းဖြစ်ကြောင်း NUG ထုတ်ပြန်

အကြမ်းဖက်စစ်အုပ်စုသည် ဧရာဝတီတိုင်း မြန်အောင်မြို့တွင် နေထိုင်သူ အသက် (၂၇) နှစ် အရွယ် CDM ဆရာ ဦးကောင်းခန့်ကျော်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မတရားဖမ်းဆီးခဲ့ပြီးနောက် ဟင်္သာတထောင်၌ အကျဉ်းချထားခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) ဖြင့် ထောင်ဒဏ် ၅ နှစ် ချခဲ့ကြောင်း၊ ထို့နောက် ဒီဇင်ဘာ (၃၀) ရက်တွင် မြန်အောင်ခရိုင်တရားရုံးက ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၂(က) ဖြင့် သေဒဏ်ချမှတ်ခဲ့ပြီး ပုသိမ်အကျဉ်းထောင်သို့ ချက်ချင်းရွှေ့ခဲ့ကြောင်း၊ ယင်းကဲ့သို့ သေဒဏ်စီရင်ချက်ချမှတ်ခြင်းသည် အကြမ်းဖက်စစ်အုပ်စုက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးယန္တရားအား ချိုးဖောက်ခြင်းဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် အမှတ် (၂၆၆၉/၂၀၂၂) ထုတ်ကာ ဖိအားပေးတောင်းဆိုနေချိန်တွင် ယင်းကဲ့သို့သေဒဏ်စီရင်ချက် ချမှတ်ခြင်းမှာ အကြမ်းဖက်စစ်အုပ်စုက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး ယန္တရားအား ချိုးဖောက်ခြင်းဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

https://bit.ly/3GGnncs


ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://moe.nugmyanmar.org

စီဒီအမ်ဆရာ ဆရာ ဦးကောင်းခန့်ကျော်အား သေဒဏ်ချမှတ်ခဲ့ခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်

စာအမှတ်။ ကြေညာချက်အမှတ် (၁/၂၀၂၃)
ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်

Photos credit to original uploaders

၁။ အကြမ်းဖက်စစ်အုပ်စုသည် ဧရာဝတီတိုင်း မြန်အောင်မြို့တွင် နေထိုင်သူ အသက် (၂၇) နှစ် အရွယ် CDM ဆရာ ဦးကောင်းခန့်ကျော်ကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် မတရား ဖမ်းဆီးခဲ့ပြီးနောက် ဟင်္သာတထောင်၌ အကျဉ်းချထားခဲ့သည်။

၂။ တရားမဝင်အာဏာသိမ်းစစ်အုပ်စုသည် တရားစီရင်ရေးယန္တရားကို လည်ပတ်ရန် အခွင့်အာဏာ မရှိဘဲ စစ်အုပ်စု၏ ထိန်းချုပ်ခံဘက်လိုက်သောတရားရုံးဖြစ်သည့် ဟင်္သာတခရိုင် တရားရုံးတွင် စစ်ဆေးပြီး ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(ည) ဖြင့် ထောင်ဒဏ် ၅ နှစ် ချခဲ့သည်။။ တဖန် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ တွင် မြန်အောင်ခရိုင် တရားရုံးက ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၂(က) ဖြင့် သေဒဏ်ချမှတ်ခဲ့ပြီး ဆရာဦးကောင်းခန့်ကျော်အား ပုသိမ်အကျဉ်းထောင်သို့ ချက်ချင်းရွှေ့ခဲ့သည်ဟု သိရှိရသည်။

၃။ အကြမ်းဖက်စစ်အုပ်စုသည် ပုသိမ်အကျဉ်းထောင်တွင်း နိုင်ငံရေးအကျဉ်းသားများကို ညှင်းပန်းနှိပ်စက်မှုများအား အစမ့်ပြုလုပ်နေသည်ဟု မီဒီယာများတွင် ဖော်ပြနေသည်။ အကြမ်းဖက်စစ်အုပ်စု၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများ၊ စစ်ရာဇဝတ် မှုများ၊ လူမျိုးသုဉ်သတ်ဖြတ်မှုများအတွက် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် တာဝန်ယူ၊ တာဝန်ခံရမည် ဖြစ်သည်။

၄။ တိုင်းပြည်အတွက် အားထားရသော လူငယ်ဆရာတစ်ယောက်အား အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ မျက်ကွယ်တရားရုံးများမှ စီရင်ချက်များ ချမှတ်ခြင်းတို့သည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေက ပြဋ္ဌာန်းထားသော အသက်ရှင်သန်ခွင့် နှင့် နိုင်ငံရေးအခွင့် အရေးများ ကို ချိုးဖောက်ခြင်း ဖြစ်သည်။

၅။ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် အမှတ် (၂၆၆၉/၂၀၂၂) ထုတ်ကာ ဖိအားပေးတောင်းဆိုနေချိန်တွင် ယခုကဲ့သို့ သေဒဏ်စီရင်ချက် ချမှတ်ခြင်းသည် အကြမ်းဖက်စစ်အုပ်စုက ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး နှင့် လုံခြုံရေး ယန္တရားအား ချိုးဖောက်ခြင်း ဖြစ်သည်။

၆။ ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအနှံ့ နှိပ်စက်သတ်ဖြတ်ခံနေရသော အလုပ်သမား၊ လယ်သမား၊ ပြည်သူ လူထုနှင့် အတူရပ်တည်၍ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းများကို ကောက်ယူသိမ်းဆည်းလျက် တရားမျှတမှုရရှိနိုင်ရေးကို အစွမ်းကုန် ကြိုးစားလုပ်ဆောင်ပြီး အရေးတော်ပုံ အောင်သည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု သန္နိဋ္ဌာန်ပြုပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ

၁၁။ စစ်ကောင်စီ၏ ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးဆိုင်ရာ ဖြစ်နိုင်စွမ်းကို အစီအမံများရေးဆွဲ လုပ်ဆောင်ထားရန် NUG ပြည်ထောင်စုဝန်ကြီးချုပ်တိုက်တွန်း

နွေဦးတော်လှန်ရေး ပိုမိုခိုင်မာလာပြီး မည်သို့သောအကြောင်းမျိုးနှင့်မှ ပြိုလဲရန် မဖြစ်နိုင်သည်ကို အကြမ်းဖက်စစ်ကောင်စီအပြင် ၎င်းအားထောက်ခံကြသည့် နိုင်ငံတချို့ပါ သိမြင်လာပြီဖြစ်သော်လည်း နောက်ဆုံးထွက်ပေါက်ဖြစ်သည့် အတုအယောင်တရားမဝင်ရွေးကောက်ပွဲကို မဖြစ်ဖြစ်သည့်နည်းဖြင့် ဆောင်ရွက်လာနိုင်သည်ဖြစ်၍ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးဆိုင်ရာ ဖြစ်နိုင်စွမ်းအပေါ် အစီအမံများရေးဆွဲချမှတ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇန်နဝါရီ ၁၂ ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

https://bit.ly/3ilhnb5

တစ်ပတ်အတွင်းအစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	ဇန်နဝါရီ ၁၂ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီး ဌာနက နှစ် (၆၀) ပြည့် တအောင်း အမျိုးသားတော်လှန်ရေးနေ့သို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့	တအောင်းအမျိုးသားများနှင့်တကွ ပြည်သူတရပ်လုံး၏ မျှော်မှန်း တောင့်တချက် ဖြစ်သော စစ်အာဏာရှင်စနစ်အား အပြီး တိုင် အမြစ်ဖြတ်ချေမှုန်းနိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပြည်သူများနှင့် အတူတကွ စုစည်းညီညွတ်စွာဖြင့် အင် တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက် အောင်မြင်ပြည့်ဝနိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေး ပို့ခဲ့သည်။	https://bit.ly/3X4LF6N
၂။	ဇန်နဝါရီ ၁၁ ရက်	ပြည်ထဲရေးနှင့်လူဝင်မှုကြီး ကြပ်ရေးဝန်ကြီးဌာန မြောင်မြို့နယ်ရှိ နေအိမ် မီးရှို့ဖျက်စီးခံရသော ပြည် သူများအတွက် အကူအညီ များပံ့ပိုးပေးအပ်	စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်ရှိ အာဏာ သိမ်းအကြမ်းဖက် စစ်တပ်၏ မီးရှို့ဖျက်ဆီးမှု ဒဏ်ခံခဲ့ရသော ကျေးရွာတစ်ရွာသို့ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ လူသားချင်း စာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး တာဝန်ခံ တို့မှ သွားရောက်၍ ပြည်သူများအတွက် ငွေကျပ်သုံးသိန်းအား ကူညီပံ့ပိုး ပေးအပ်ခဲ့သည်။	https://bit.ly/3IQH04e
၃။	ဇန်နဝါရီ ၁၁ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီး ချုပ် နှင့် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားပြု	အမျိုးသားညီညွတ်ရေးအစိုးရ၏ ဆောင် ရွက်ချက်များ ၊one year plan နဲ့ ပတ် သက်၍ ရှင်းလင်း တင်ပြဆွေးနွေးခြင်းနှင့် CRKH	https://bit.ly/3XaMN99

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
		ကော်မတီ (CRKH)တို့ တွေ့ဆုံဆွေးနွေး။	မှ လွှတ်တော်ကိုယ်စားများက လုပ်ဆောင်နေသော အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။	
၄။	ဇန်နဝါရီ ၇ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ပဲခူးတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များတွေ့ဆုံ	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှဌာန၏ဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်ချက်များ ပဲခူးတိုင်းပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များမှ မြေပြင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3iMqaIS
၅။	ဇန်နဝါရီ ၈ ရက်	အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မ တီနှင့် တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့ အုပ်ချုပ် ရေးအဖွဲ့များ တွေ့ဆုံဆွေးနွေး	ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာနမှ ဗဟိုတိုင် ကြားစာကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်းတာ ဝန်များနှင့် ယစ်မျိုးခွန်၊ဓာတ်သတ္တုခွန် ကောက်ခံမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း ပြည်သူ့အုပ်ချုပ်ရေး အဖွဲ့များမှ မြေပြင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် မူဝါဒ၊ လမ်းညွှန်ချက်များကိုဆွေးနွေး ခဲ့ကြသည်။	https://bit.ly/3lPq9Iz